**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၂ /၂၀၂၄)**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်

အကြောင်းအရာ။ **အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု စာရင်းထုတ်ပြန်ခြင်း**

၁။ သွင်းကုန်လိုင်စင် ကြိုတင်ရယူရန်မလိုဘဲ အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု ၁၄ မျိုးစာရင်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၁၆/၂၀၂၃)ဖြင့် အသိ ပေးထုတ်ပြန်ခဲ့ပါသည်။

၂။ လက်ရှိဆောင်ရွက်နေသည့် ကုန်သွယ်မှုလုပ်ငန်းစဉ်များအရ အောက်ဖော်ပြပါကုန်ပစ္စည်းများကိုသာ ကန့်သတ်အရေအတွက်ဖြင့် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်-

(က) ဆေးဝါး၊
( ခ ) လျှပ်စစ်သုံးယာဉ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊
( ဂ ) စက်မှုကုန်ကြမ်းများနှင့် စက်မှုလုပ်ငန်းသုံးဓာတုကုန်ကြမ်းပစ္စည်းများ၊
(ဃ) စားသောက်ကုန်ကြမ်းများ။

၃။ အထက်အပိုဒ် ၂ ဖော်ပြပါ ကုန်ပစ္စည်းများမှအပ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၆/၂၀၂၃) ဖြင့် ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းအုပ်စုများ (HS Code) အား အကောက်ခွန် ကုန်လှောင်ရုံအတွင်း သိုလှောင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားမှုကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့အထိသာ ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန